

# တစ်ကျော့ပြန် ဟွာဆန်း

(ချွန်းမြောင်)

(စာစဉ်-၂)

(Chapter 16-30)

ဘာသာပြန်စာရေးဆရာ - Hnin

## အခန်း ၁၆

## ဟွာဆန်းက ငါ့ကြောင့် ဒီလိုမျိုးဖြစ်သွားတာလား (1)

"ဟူး..."

ပြာလဲ့လဲ့ကောင်းကင်ယံကို ငေးမောကြည့်နေရာမှ ယွမ်ဝူန်း၏မျက်လုံးများ တောက်ပစပြုလာသည်။

'သေချာတာတော့ သူ့ကို ငါပထမဆုံးစတွေ့တုန်းက သာမာန်ကလေးတစ်ယောက်လိုပဲ မဟုတ်လား'

သို့ရာတွင် ထိုကလေးသည် မည်သည့်နည်းနှင့်မျှ သာမာန်ကလေးမျိုး မဖြစ်နိုင်ချေ။

'သူ အဆင်ပြေပါ့မလား'

ချွန်းမြောင်၏ ထူထဲသောဝတ်စုံတစ်စုံလုံး ရွှဲနစ်နေပြီး သူ၏ခန္ဓာကိုယ်မှ ချွေးများသည် သူ့အဝတ်အစားများမှတဆင့် တစ်စက်စက်စီးကျနေသည်။ သူ၏ခေါင်း အချိန်မရွေး ပေါက်ထွက်တော့မည်ကဲ့သို့ သူ့မျက်နှာသည် သွေးကဲ့သို့နီမြန်းနေပေ၏။သူ့ခြေထောက်များတုန်ရီနေသဖြင့် တည်တည်ငြိမ်ငြိမ် မတ်တတ်ရပ်ရန်ပင် ရုန်းကန်နေရပြီး ရွှေ့လျားသွားလာနိုင်ရန်အတွက် သူ၏အောက်နှုတ်ခမ်းကို တင်းတင်းကြပ်ကြပ်ကိုက်ထားသည်။

"မင်း...မင်း ထိုင်မလား"

ယဥ်ကျေးမှုနှင့်အပြုအမူသည် ဘဝနှင့်တသားတည်းဖြစ်သည်ဟု မှတ်ယူထားသော ယွမ်ဝူန်းသည် မရည်ရွယ်ဘဲ ထိုကလေးအား အကြံပြု

လိုက်မိ၏။

သူ ကူကယ်ရာမဲ့ ဖြစ်နေသည်။ချွန်းမြောင်သည် လေ့ကျင့်မှုပြီးနောက် မတ်တတ်ရပ်နေနိုင်ခြင်းသည် အဓိပ္ပါယ်မရှိချေ။ချွန်းမြောင်၏လက်ရှိ အခြေအနေကိုကြည့်လိုက်လျှင် ခွေးငယ်လေးတစ်ကောင်အား မိုးဖွဲဖွဲ အောက်၌ တစ်ကောင်တည်းချန်ထားခြင်းခံရခြင်းကို မြင်ရသကဲ့သို့ အလားတူခံစားချက်မျိုးရနေသည်။သနားစဖွယ် ကောင်းပေ၏။

"အာ…ဒါက အဆင်ပြေပါတယ်…အဲ့ဒါထက် ကျွန်တော် ရေနည်းနည်း လောက် ရနိုင်မလား"

"တစ်ယောက်ယောက် ရေယူလာခဲ့စမ်း…အခုချက်ချင်းနော်"

"ဟုတ်ကဲ့"

နံဘေးဘက်မှစောင့်ကြည့်နေကြသော ကလေးများအနက်မှတစ်ယောက် သည် အလျင်စလို ရေပြေးခပ်လေ၏။

"ကောင်းပြီလေ..အခုက….."

သို့ရာတွင် ယွမ်ဂွန်းက အလျှင်အမြန် နှုတ်ဆိတ်သွားသည်။

'ငါ ဘာမေးသင့်လဲ'

သူသည် ချွန်းမြောင်ကို ဤနေရာသို့လာရန် ခေါ်ခဲ့သော်လည်း မည်သို့ စ မေးရမည်ကို သူ မသိချေ။ဤကဲ့သို့ ကိုရီးယားယားနိုင်သောအခြေအနေမျိုး ကို သူ ကြုံတွေ့ရသည်မှာ ပထမဆုံးအကြိမ်ပင်။

"ဒီနေရာမှာ ဘာတွေဖြစ်နေတာလဲ"

သူသည် အသိသာဆုံးမေးခွန်းကို မေးမြန်းလိုက်၏။

မေးခွန်းမေးခံရသော ချွန်းမြောင်သည် ပတ်ဝန်းကျင်အား စောင်းငဲ့ကြည့် ပြီးနောက် တည်ငြိမ်စွာပြောဆိုသည်။

"ဒါက ဘာမှ မဟုတ်ပါဘူး"

"ဘာလဲ.."

"ဒီလိုပါ...ဒီနေ့ကနေစပြီး မနက်ခင်းတိုင်းမှာ ကျွန်တော်တို့အားလုံး အတူတူလေ့ကျင့်ဖို့ ဆုံးဖြတ်ထားကြတယ်...ဒါပေမယ့် ဒီနေ့က ကျွန်တော်တို့ရဲ့ ပထမဆုံးအကြိမ်ဆိုတော့ အချိန်နည်းနည်းလွန်သွားတယ်...ဒါက ဘာလို့လဲဆိုတော့ လူတိုင်းလိုလို အရမ်းတက်ကြွနေလို့ပဲ"

'တက်ကြွနေတာလား'

ယွမ်ဂွန်းက ချွန်းမြောင်၏နောက်ရှိ ကလေးများကိုကြည့်လိုက်၏။သူတို့အားလုံးသည် သူတို့၏လက်များကို အသည်းအသန်ဝှေ့ယမ်းပြနေကြသော်လည်း သူတို့၏ပါးစပ်များကို တင်းတင်းကျပ်ကျပ် ပိတ်ထားသည်။

သို့ရာတွင် ချွန်းမြောင်၏ခေါင်း သူတို့ဘက်သို့ အနည်းငယ်စောင်းငဲ့လာရုံဖြင့် သူတို့၏လက်များ အလျှင်အမြန်အောက်ပြုတ်ကျသွားပြီး နေရာမှာပင် တောင့်တင်းသွားကြ၏။

'ဒါက ဘယ်လိုလုပ်ရပ်မျိုးလဲ'

အလွန်ကို့ရို့ကားယားနိုင်သော ဖြစ်ရပ်ပင်။ဤနေရာ၌ မည်သည့်ကြောင့် စုရုံးရောက်ရှိနေကြသည်မှန်း သူ မသိရှိသော်လည်း တပည့်လေးများအားလုံးသည် ချွန်းမြောင်အား ထိတ်လန့်ကြောက်ရွံ့နေသည်မှာ သေချာလှ၏။

ယွမ်ဂွန်းသည် အရူးမဟုတ်ချေ။သူသည် ကလေးများနှင့်ဆက်နွှယ်ပြီး တပည့်ငယ်အား လေ့ကျင့်ပေးခဲ့သည်မှာ အချိန်ဆယ်နှစ်ကျော် ကြာမြင့်နေလေပြီ။ကလေးများကို စောင့်ကြည့်ခြင်းအားဖြင့် သူတို့၏တိုးတက်မှု အခြေအနေကိုလည်း သူ နားလည်သဘောပေါက်နိုင်ခဲ့သည်။

မဟုတ်သေး…သူထံ၌ အတွေ့အကြုံမရှိလျှင်ပင် မည်သို့ဖြစ်ပျက်နေသည်ကို သူ သတိမပြုမိမှသာ ထူးဆန်းသောကိစ္စဖြစ်ပေမည်။

"ဟွာဆန်းရဲ့တပည့်တွေက လူသစ်လေးကို ကြောက်နေကြတာလား'

ယွမ်ဂွန်းသည် စိတ်ရှုပ်ထွေးမှုကြောင့် သူ၏ခေါင်းကိုနံဘေးဘက်သို့ အနည်းငယ်စောင်းလိုက်မိ၏။

'မဟုတ်ဘူး…မဟုတ်သေးဘူး'

စဥ်းစားကြည့်ကြပါစို့။ထိုကလေးများ၏အရည်အချင်းမှာ အားနည်းသည်ဟုမဆိုနိုင်ချေ။သက်တူရွယ်တူကလေးအများစုကို ဟွာဆန်း၏တပည့်များနှင့် နှိုင်းယှဥ်လျှင် ထိုကလေးများ ခေါင်းငိုက်စိုက်ကျနေပေမည်။

အကယ်၍ ဟွာဆန်းသည် ပြိုလဲလုနီးနီးဖြစ်နေလျှင်ပင် သူတို့အားလုံးသည် တစ်ချိန်ကကြီးကျယ်ခမ်းနားခဲ့သော ဟွာဆန်း၏တပည့်များဖြစ်နေဆဲပင်။

သူ၏တပည့်များ အားနည်းနေခြင်းကြောင့်မဟုတ်ဘဲ လူသစ်ကလေးသည် ထူးဆန်းနေခြင်းဖြစ်သည်။

"မနက်ခင်းလေ့ကျင့်ခန်းလုပ်တာလို့ မင်း ပြောချင်တာလား'

"ဟုတ်ကဲ့"

"မင်း…"

ယွမ်ဂွန်းက အခိုင်အမာစကားပြောဆိုလိုက်၏။

"အဖြူရောင်ဇီးပန်းပွင့်အိပ်ဆောင်မှာ ကိုယ်ပိုင်စည်းမျဥ်းတွေရှိတယ်…အိပ်ချိန်ကိုလျှော့ပြီး စိတ်ကြိုက်လေ့ကျင့်နိုင်တယ်လို့ မင်းကို ဘယ်သူပြောလဲ"

ချွန်းမြောင်၏မျက်နှာအမူအယာသည် အမူအယာပြောင်းလဲခြင်းမရှိဘဲ

စိုးရိမ်ကြောင့်ကြမှုမရှိသကဲ့သို့ ပြောဆိုလိုက်၏။

"ဒါဆို ကျွန်တော်မလုပ်တော့ဘူး"

"ဟမ်..."

"လေ့ကျင့်တာက အထောက်အပံ့ဖြစ်တယ်လို့ ကျွန်တော် တွေးခဲ့မိတာ...ဒါပေမယ့် ဆရာက မရဘူးဆိုမှတော့ ကျွန်တော်မလုပ်ရုံပေ့ါ"

"..."

'အား...ဒါက ဘယ်လိုအခြေအနေကြီးလဲ'

ယွမ်ဂွန်းက ဦးနှောက်ချောက်သွားသည်။ဤကဲ့သို့တုံ့ပြန်မှုမျိုးကို သူ မျှော်လင့်ထားခြင်းမရှိချေ။

"မင်း...လေ့ကျင့်တာက အထောက်အပံ့ဖြစ်တယ်လို့ မင်း ထင်ထားတာလား"

"ဟုတ်ကဲ့"

"ဘာလို့ မင်း အဲ့ဒီလိုထင်ရတာလဲ"

ထိုမေးခွန်းသည် အနည်းငယ်ထူးဆန်းသည်ဟု ချွန်းမြောင်က တွေးတောမိ၏။

"ဆရာက အထောက်အပံ့မဖြစ်ဘူးလို့ ထင်တာလား"

"..."

"..."

သူတို့နှစ်ယောက်ကြားတွင် ကမောက်ကမနိုင်သောအခြေအနေသို့ ရောက်ရှိသွားသည်။

"ဟင်း...."

ယွမ်ဂွန်းက တီးတိုးညည်းတွားနေသည်။ထိုကလေး၏လုပ်ဆောင်ချက်ကို သူ နားလည်သော်လည်း ချွန်းမြောင်က အရင်ဆုံးအငြင်းစကားဆိုသွားခဲ့ သည်။

"ဆရာတွေဆီကနေ သိုင်းပညာရပ်တွေသင်ယူရတာက လုံလောက်တယ်လို့ ကျွန်တော်ခံစားမိတယ်...ဒါပေမယ့် တပည့်တွေကလည်း ကိုယ်ပိုင်နည်းလမ်းတွေနဲ့ ကြိုးစားအားထုတ်သင့်တယ်လေ...သိုင်းပညာရပ်ရဲ့အနှစ်သာရက ခန္ဓာကိုယ်အင်အားကနေလာတာ...ဒါကြောင့် ခွန်အားလေ့ကျင့်တာက ကျွန်တော်တို့ရဲ့အလုံးစုံသောရလဒ်တွေကို တိုးတက်နိုင်တယ်လို့ ကျွန်တော်ယုံကြည်တယ်"

၎င်းသည်က အမှန်ပင်။ထိုနိယာမသည် မှန်ကန်ပေ၏။

"မင်းရဲ့စကားတွေက အမှန်ပဲ"

ယွမ်ဂွန်းသည် ထိုနိယာမကို အသိအမှတ်ပြုပြီးဖြစ်သည်။

"ဒါပေမယ့်...အကျပ်ကိုင်ခြိမ်းခြောက်မှုအောက်မှာ ဖိအားပေးပြီး လေ့ကျင့်ခိုင်းတာက မှန်ကန်တယ်လို့ မင်း ပြောနိုင်လား"

"အကျပ်ကိုင်တာလား"

ချွန်းမြောင်သည် နောက်ဘက်သို့ တစ်ချက်စောင်းငဲ့ကြည့်ပြီး ဆက်လက်ပြောဆိုသည်။

"အမ်...ဆရာ...ကျွန်တော်က ဘယ်လိုလုပ်ပြီး ဆရာတူအကိုတွေကို အကျပ်ကိုင်နိုင်မှာလဲ...ကျွန်တော် လေ့ကျင့်မယ်လို့ ပြောလိုက်တဲ့အချိန်မှာ သူတို့ကလည်း ကျွန်တော်နဲ့အတူ ပူးပေါင်းလေ့ကျင့်ချင်တယ်လို့ ပြောလာကြတာလေ"

ပေါက်ကရစကားတွေ...

အရှက်မရှိတဲ့ လိမ်လည်မှုပဲ...

သို့ရာတွင် ချွန်းမြောင် အမှန်တရားပြောဆိုသည်ကို ကြားလိုသဖြင့် ယွမ်ဂွန်းက မေးမြန်းလိုပေ၏။

'သူတို့က မင်းကိုကြောက်လို့ ပူးပေါင်းတာမဟုတ်ဘူးလား'

သို့ရာတွင်..

'ငါ အဲ့ဒီလိုမျိုး မေးလို့မရဘူး'

ထိုမေးခွန်းသည် သူ့တပည့်ငယ်များ၏ဂုဏ်သိက္ခာကို ရိုက်ချိုးသကဲ့သို့ ဖြစ်သွားပေမည်။ယမန်နေ့က တပည့်များသည် လူသစ်တစ်ယောက်ကို မကိုင်တွယ်နိုင်ဘဲ ကြောက်ရွံ့မှုကြောင့် မနက်အစောထ၍ လေ့ကျင့်နေရသည်။ယွမ်ဂွန်းသည် ထိုကဲ့သို့ထိလွယ်ရှလွယ်သောအကြောင်းကို မတို့ထိရန် ဆုံးဖြတ်လိုက်သည်။

ထို့ပြင် ဤအခြေအနေသည် အငယ်ဆုံးတပည့်ချွန်းမြောင်အား ဆရာတူအကိုများကို အနိုင်ကျင့်သည့် ရက်စက်ကြမ်းကြုတ်သောလူရမ်းကားအဖြစ်သို့ ရောက်ရှိသွားစေနိုင်သည် မဟုတ်လော။

ထိုအကြောင်းအရာကို သတိလက်လွတ်ဖော်ထုတ်လိုက်ပါက သူ၏တပည့်များ နာကျင်ခံစားရပေမည်။

"ဒါ....."

ယွမ်ဂွန်းက တစ်စုံတစ်ခု ပြောဆိုတော့မည့်အချိန်မှာပင် ချွန်းမြောင်က ပြောဆိုလိုက်၏။

"ကျွန်တော်ကို အချိန်တစ်လပေးပါ...ကျွန်တော်တို့ရဲ့ ပုံမှန်လေ့ကျင့်ရေးကိုလည်း သက်ရောက်မှုမရှိစေရပါဘူး...တစ်လအတွင်းမှာ ရလဒ်ကောင်းတွေကို ဆရာဆီ ကျွန်တော်ဆောင်ကျဥ်းပေးမယ်"

'အို'

သူတို့က မနက်ခင်းလေ့ကျင့်ခြင်းအကြောင်းကို ဆွေးနွေးနေသော်လည်း ချွန်းမြောင်၏ဖုံးကွယ်ထားသောရည်ရွယ်ချက်မှာ အနည်းငယ်ကွဲပြားခြား နားနေသည်။

တစ်လ...

ဤအခြေအနေအား တစ်လကြာသည်အထိ လျစ်လျူရှုထားရန် ချွန်း မြောင်က ဆရာအား တောင်းဆိုခဲ့သည်။ဆရာယွမ်ဂွန်း ရလဒ်ကိုကြည့်ပြီးမှ ဆုံးဖြတ်ချက်ချရန် သူ ရည်ရွယ်ခဲ့လေ၏။

''ဒီကလေးကို ကြည့်ပါအုံး'

ကလေးတစ်ယောက်၏စကားနှင့်မတူဘဲ မိမိကိုယ်ကိုယုံကြည်ချက် အခိုင်အမာရှိသော အားကောင်းမောင်းသန်လူကြီးတစ်ယောက် စကားပြောသည်နှင့် ပို၍တူညီနေသည်။

"တစ်လဆိုတာက လက်ခံနိုင်ပါတယ်...ဒါပေမယ့် ဒီလေ့ကျင့်ခန်းကိုကြည့် ရတာ ရိုးရှင်းပုံမရဘူး...ကလေးတွေ တောင့်ခံနိုင်ပါ့မလား"

"ဆရာတူအကိုတွေကိုယ်တိုင်က လေ့ကျင့်ချင်နေကြတာဆိုတော့ ဒါက ပင်ပန်းတယ်ဆိုရင်တောင် ဘယ်သူမှမညည်းညူကြပါဘူး"

ချွန်းမြောင်သည် သူ၏ဆရာတူအကိုများကို စောင်းငဲ့ကြည့်ရင်း မျက်နှာပြောင်တိုက်၍ပြောဆိုလိုက်သည်။မည်သူတစ်ဦးတစ်ယောက်မျှ သူ တို့၏ပါးစပ်ကိုဖွင့်ဟ၍ ချွန်းမြောင်အား မဆန့်ကျင်ဝံ့ချေ။မည်သူမျှ အငြင်း စကားမဆိုသဖြင့် သူတို့ အဆင်ပြေသည်ဟု ယူဆနိုင်ပေ၏။

'ဘယ်...ဘယ်နေရာကနေ ဒီကလေး ရောက်လာပါလိမ့်'

ယွမ်ဂွန်း တွေးတောနေစဥ်မှာပင် ချွန်းမြောင်က နောက်သို့လှည့်၍

မေးမြန်းလေ၏။

"ဒါက အမှန်ပဲမလား…ဆရာတူအကိုတို့"

"ဟုတ်…ဟုတ်ပါတယ်…အဲ့ဒီလိုပါပဲ"

"ကျွန်တော်တို့က ပြင်းပြင်းထန်ထန် ကြိုးစားရမယ်မလား…အရမ်းပြင်းပြင်းထန်ထန်လေ"

"ငါတို့လည်း ပြင်းပြင်းထန်ထန် ကြိုးစားမှာပါ"

ချွန်းမြောင်က ရှေ့သို့ပြန်လှည့်လိုက်၏။

"သန်မာဖို့ ပြင်းပြတဲ့ဆန္ဒမရှိရင်… ငါတို့ရဲ့အင်အားစိုက်ထုတ်မှုတွေကနေ ရလဒ်ကောင်းတွေရဖို့ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ"

ချွန်းမြောင်နောက်ရှိ ကလေးများ၏မျက်နှာသည် ပင်ပန်းနွမ်းနယ်မှုများ ပြည့်နှက်နေပြီး ထိတ်လန့်တုန်လှုပ်နေသည်။

ကလေးငယ်များ လုံးလုံးလျားလျား ပါးစပ်ပိတ်နေကြသဖြင့် ယွမ်ဂွန်းက ဆွံ့အနေပေ၏။

တစ်ရက်တာအချိန်အတွင်း၌ ချွန်းမြောင်သည် တပည့်များကို အပြည့်အဝ ထိန်းချုပ်နိုင်ခဲ့သည်။ထို့ပြင် သူ၏ထိန်းချုပ်မှုရလဒ်များကို ပြသရန် တစ်လခန့်သာလျစ်လျူရှုထားရန် ယွမ်ဂွန်းအား တောင်းဆိုခဲ့သည်။

'လုပ်စမ်းပါ'

သူ ပို၍နားထောင်လေလေ ပို၍ကို့ရို့ကားယားနိုင်လာသည်ဟု ခံစားရလေလေပင်။ထိုနတ်ဆိုးလေးသည် မည်သည့်နေရာမှ ရောက်ရှိလာသနည်း။

သို့ရာတွင်…

'ဒါက တကယ်ဆိုးရွားတဲ့ကိစ္စတော့ မဟုတ်ဘူး'

အဖြူရောင်ဇီးပန်းပွင့်အဆောင်၏လေ့ကျင့်ချိန်များကို စီမံခန့်ခွဲရာ၌ သိသာထင်ရှားသောအခက်အခဲတစ်ခုရှိသည်။ဟွာဆန်း၌ နည်းပြဆရာ အင်အား လုံလောက်ခြင်းမရှိချေ။

ယွမ်ဂွန်းတစ်ယောက်တည်းဖြင့် ထိုအခက်အခဲကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိပေ။အနည်းဆုံး နည်းပြဆရာဆယ်ယောက်ခန့် လိုအပ်ပေ၏။ သို့ရာတွင် ယခုလက်ရှိချိန်၌ ကလေးများအား လေ့ကျင့်ပေးရန် လူသုံးယောက်သာရှိသည်။

အကျိုးဆက်အနေဖြင့် သူတို့သည် တပည့်များအား တစ်ယောက်ချင်း သင်ကြားပေးရန် အချိန်မရှိတော့ချေ။အချိန်အများစုသည် အုပ်စုဖွဲ့ခြင်းကို စည်းစနစ်တကျဖြစ်စေရန်၌သာ ကုန်ဆုံးသွားသဖြင့် ကလေးများ၏ခွန်အားလေ့ကျင့်မှုမှာ ရပ်တန့်သွားသည်။အကယ်၍ ဤကလေးသည်သာ သူ၏ဝန်ထုပ်ဝန်ပိုးတချို့ကို လျော့ချပေးနိုင်ပါက ကြီးမားသော အကူအညီဖြစ်သွားပေမည်။

"ငါ မင်းကို တစ်ခုထပ်မေးအုံးမယ်"

"ဟုတ်ကဲ့"

"ဒီလိုလေ့ကျင့်တာက မင်းအတွက်လည်း လွယ်မှာမဟုတ်ဘူး...ဘာလို့ မနက်အစောကြီးထပြီး လေ့ကျင့်ဖို့ ရွေးချယ်လိုက်တာလဲ"

ချွန်းမြောင်က ခေါင်းခါယမ်းနေလေ၏။

"ဆရာ ဘာဆိုလိုချင်တာလဲဆိုတာ ကျွန်တော် နားမလည်ဘူး"

"အမ်..."

ထိုကလေးသည် ရုတ်တရက်ကြီး နားမလည်နိုင်စရာ အကြောင်းမရှိချေ။

"ဟွာဆန်းကို ဝင်လာတယ်ဆိုတာက ဓားပညာကိုသင်ယူဖို့လို့ ဆိုလိုတာပဲ

လေ…ဒါပေမယ့် ဂိုဏ်းထဲကိုဝင်လိုက်ရုံနဲ့ ကျွန်တော်တို့ သန်မာအောင်လုပ်ဖို့ မလိုအပ်တာတော့ မဟုတ်ဘူး…ပိုပြီး သန်မာလာအောင် လုံလဝီရိယရှိရှိ လေ့ကျင့်ပြီး မြင့်မားတဲ့ပန်းတိုင်ကို ရောက်ရှိဖို့က ကျွန်တော်တို့တပည့်တွေရဲ့တာဝန်ပဲ"

"ဒါက အမှန်ပဲ"

"အမှန်တော့ ကျွန်တော်တို့က ဆရာရဲ့သင်ကြားမှုကနေ ပိုပြီးသန်မာလာနိုင်တယ်…ဒါပေမယ့် ကျွန်တော်တို့ကိုယ်တိုင် အင်အားစိုက်ထုတ်မယ်ဆိုရင် တိုးတက်မှုပိုမြန်လာလိမ့်မယ်…ကျွန်တော်တို့ရဲ့ရည်မှန်းချက်တွေအောင်မြင်ဖို့ အိပ်ချိန်တချို့ကိုစွန့်လွှတ်ပြီး ပင်ပင်ပန်းပန်းလေ့ကျင့်ရမယ်ဆိုတာ သဘာဝပဲလေ"

"မှန်တယ်"

ထိုအရာသည် အထူးတလည်အကြောင်းပြချက်မျိုးမဟုတ်ဘဲ လေ့ကျင့်ခြင်းကို အရူးအမူးစွဲလန်းသောသဘောမျိုးဖြစ်ပေ၏။

'ဂိုဏ်းခေါင်းဆောင်က တပည့်သစ် ထပ်ပြီးလက်မခံတော့ဘူးလို့ ငါတို့ကိုပြောခဲ့တယ်…ဘယ်လိုကလေးမျိုးကို ရွှေးချယ်ထားပြီးလက်ခံလိုက်တာလဲဆိုတာ ငါ သိချင်နေမိတာ…ဖြစ်နိုင်တာတော့ ဟွာဆန်းပေါ်မှာလေမုန်တိုင်းအသစ်စတင်တိုက်ခတ်တော့မှာပဲ'

ထိုကလေးအား ခေါ်ယူထားခြင်းသည် ထိုက်တန်သည်မဟုတ်လော။

ထိုကလေး၏အရည်အချင်းကို ယခုချိန်ထိ အတည်မပြုရသေးသော်လည်း ဤကဲ့သို့စိတ်အားထက်သန်မှုမျိုးမရှိလျှင်ပင် ကြီးမားသောကိစ္စများကို အောင်အောင်မြင်မြင် စွမ်းဆောင်နိုင်ပေမည်။သူသည် ဆရာတစ်ယောက်မဟုတ်လျှင်ပင် သူ၏စိတ်နေစိတ်ထားများသည် တခြားကလေးများအပေါ်

ကောင်းစွာလွှမ်းမိုးထားနိုင်သည်။

"မင်းရဲ့လေ့ကျင့်ရေးက ခက်ခဲပင်ပန်းပုံရတယ်"

"ဒါက ဘာလို့လဲဆိုတော့...ကျွန်တော် လေ့ကျင့်တာ ပထမဆုံးနေ့မို့ပါ"

"ဒါတောင် ခက်ခဲပင်ပန်းနေပုံရတယ်နော်"

"ကျွန်တော်တို့ ပိုပြီးလေ့ကျင့်တာနဲ့ ရလဒ်တွေပိုကောင်းလာမှာပါ"

ယွမ်ဂွန်း၏နှုတ်ခမ်းများတုန်ခါသွားပြီး သူကရုန်းကန်၍ တောင့်တင်းသောအပြုံးမျိုး ထွက်ပေါ်လာစေသည်။

'ဒါပဲလေ'

ထိုလေ့ကျင့်ခြင်းသည် သူလက်ခံထားသော နိယာမနှင့် ကိုက်ညီနေသည်။ ကလေးများ၏ကန့်သတ်ချက်အထိ တွန်းပို့နိုင်ရန် ချွန်းမြောင်အား ဦးဆောင်ခိုင်းသည်က အဆင်ပြေနိုင်ပေ၏။မည်သို့ပင်ဆိုစေကာမူ ဂိုဏ်း၏ရှေးအချိန်ကာလများတွင် ကလေးများ၏ဝါစဥ်ကို အသက်အရွယ်နှင့်မခွဲခြားဘဲ အရည်အချင်းနှင့်ခွဲခြားခဲ့ဖူးသည်။

"ပြီးတော့...ဆရာတူအကိုတွေနဲ့ဆက်ဆံရင် ဘယ်ဟာက အရေးအကြီးဆုံးလဲ"

"ယဥ်ယဥ်ကျေးကျေးရှိရပါမယ်...လေးစားမှုကိုပြသပြီး သူတို့ရဲ့စကားတွေကို နာခံရမယ်"

အကြီးအကဲများကို ရိုသေလေးစားပြီး မထီမဲ့မြင်မပြုရန် သို့မဟုတ် အထင်သေးခြင်းမျိုးမရှိရန်အတွက် ဝါစဥ်အတိုင်းထိန်းသိမ်းရန် ဆိုလိုခြင်းဖြစ်သည်။

ယွမ်ဂွန်းသည် ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်၏။မည်သို့ဖြစ်ပျက်နေသည်ကို နားမလည်ကြသဖြင့် ကလေးများ

အားလုံး စိုးရိမ်ပူပန်နေကြ၏။

"အဟွတ်..."

ယွမ်ဂွန်းသည် သူတို့၏အကြည့်များကို ရှောင်ရှားလိုသဖြင့် ချောင်းတစ်ချက်ဆိုးပြီး စကားပြောဆိုလိုက်၏။

"မင်းတို့အားလုံးက 'ဆန္ဒအလျောက်' အာရဏ်တက်ချိန်ကနေ ခုထိလေ့ကျင့်နေတာ အတော်စိတ်လှုပ်ရှားစရာပဲ"

"ဆရာ..."

"ဆရာသခင်..."

ဝေခွဲရခက်ခြင်းနှင့်ထိတ်လန့်တုန်လှုပ်သော အော်သံများထွက်ပေါ်လာသော်လည်း ယွမ်ဂွန်းက လျစ်လျူရှုပြီး ဆက်လက်ပြောဆိုသည်။

"တကယ်လို့ မင်းတို့ ဒီအတိုင်းသာဆက်ပြီးလေ့ကျင့်သွားမယ်ဆိုရင်...နောင်အနာဂတ်မှာ မင်းတို့ အောင်မြင်မှုကြီးကြီးမားမားရလိမ့်မယ်...ဒီကလေးကိုကြည့်ရတာ လေ့ကျင့်ရေးနဲ့ပတ်သက်လို့ အများကြီးသိထားပုံပဲ...ဒါကြောင့် ငါ မင်းတို့ကို ဆက်ပြီးလေ့ကျင့်ဖို့ ခွင့်ပြုလိုက်တယ်...မင်းတို့အစွမ်းကုန်ကြိုးစားကြပါ"

'ကျွန်တော်တို့ လှည့်စားခံနေရတာ'

'အော်..သူက ငါတို့ကို စွန့်ပစ်လိုက်တာပဲ'

'သူ့ကိုကြည့်ပါလား...ငါတို့နဲ့အကြည့်ချင်းမဆုံအောင် ရှောင်နေတာ'

ကလေးများသည် စိတ်ဓာတ်ကျဆင်းနေကြ၏။

"ဒါဆိုရင်...မင်းတို့ နံနက်စာစားချိန်ထက်တော့ နောက်မကျစေနဲ့...မနက်ခင်း လေ့ကျင့်ရေးဆင်းချိန်မတိုင်မီ အချိန်မီလာခဲ့ကြ"

ယွမ်ဂွန်းသည် တဖြည်းဖြည်း နောက်လှည့်ထွက်ခွါသွားပြီးနောက်

ရုတ်တရက် ရပ်တန့်လိုက်သည်။

"အင်း...ဒါက အမှန်ပဲလေ"

ဆရာယွမ်ဂွန်းသည် သူတို့အား လွယ်လင့်တကူ စွန့်ပစ်မည်ဟု သူတို့ မယုံနိုင်ဖြစ်နေဆဲပင်။

"မင်းတို့ရဲ့လေ့ကျင့်ရေးကို ငါ အနှောက်အယှက်မဖြစ်စေချင်ဘူး...ဒါကြောင့် ရှေ့လျှောက် မနက်ခင်းတိုင်း မင်းတို့ ငါ့ကိုလာနှုတ်စရာမလိုတော့ဘူး...ဘယ်လိုပဲဖြစ်ဖြစ် လေ့ကျင့်ရေးက ပထမဦးစားပေးပဲ...ကောင်းပြီလေ"

ယွမ်ဂွန်းက အပြုံးနှင့်အတူ နောက်လှည့်၍ထွက်ခွါသွားတော့သည်။

တပည့်များသည် ဆရာယွမ်ဂွန်းအား ဆုပ်ကိုင်ရန် သူတို့၏လက်များကို ဆန့်ထုတ်လိုသော်လည်း သူတို့ မလှုပ်ရှားရသေးမီမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့သည်။

"..."

ဂျွတ်...

ထိုအချိန်မှာပင် ခပ်သဲ့သဲ့ အဆစ်ချိုးသံတစ်သံ ထွက်ပေါ်လာသည်။ချွန်းမြောင်သည် သူ၏လက်ဆစ်များကိုချိုးပြီး အပြုံးနှင့် ကလေးများဘက်သို့ လှည့်ကြည့်လေ၏။

သူ ပြုံးနေသော်လည်း သူနဖူးထက်ရှိသွေးကြောများ ဖောင်းကားနေသဖြင့် ထိုအပြုံးအောက်မှ ခံစားချက်များကို သိသာထင်ရှားစေသည်။

"ဆရာ...ကျေးဇူးပြု၍ ကယ်ပါ"

"..."

"ငါ မင်းတို့ကို သတ်ပစ်မယ်လို့ပြောထားတာ မဟုတ်ဘူးလေ... ငါ့ရဲ့ချစ်လှ

စွာသော ဆရာတူအကိုတို့...ငါတို့ အခု ထမင်းသွားမစားခင်...အိပ်ဆောင်ထဲမှာ စကားစမြည်သွားပြောကြရအောင်...ဘယ်လိုသဘောရလဲ"

"..."

"လှုပ်ရှားကြမယ်"

"ဟုတ်ကဲ့"

ဤအချိန်အခိုက်အတန့်တွင် ဟွာဆန်းမှလူငယ်များ၏ မျှော်လင့်ချက်များနှင့်အိမ်မက်များပျောက်ကွယ်သွားတော့သည်။

***